# မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်စစ်ရေးကော်မတီ

## လားရှိုးမြို့၏အုပ်ချုပ်ရေးယန္တရားများကို ဆက်ခံလိုက်ကြောင်း ထုတ်ပြန်ကြေညာချက်

စာအမှတ်- ၂၀၂၄/စရ/၂၇

ရက်စွဲ- ၂၀၂၄ခုနှစ် ဇူလိုင်လ (၂၅) ရက်

လေးစားအပ်ပါသော လားရှိုးမြို့ပြည်သူလူထုများခင်ဗျား-

မိမိတို့ MNDAA အနေဖြင့် "လားရှိုးမြို့လွတ်မြောက်ရေး"တိုက်ပွဲကို (၂၃) ရက်တိုင်တိုင် ခဲခဲရင်းရင်း ဆင်နွှဲပြီးနောက် အာဏာသိမ်း မင်းအောင်လှိုင်၏ အဓိကလက်နက်ကိုင်အင်အားများကို မြို့တွင်းမှမြို့ပြင်သို့ မောင်းထုတ်နိုင်ခဲ့ပြီး လွတ်မြောက်ရေးအောင်ပွဲကို ရရှိနိုင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် မိမိတို့အနေဖြင့် မြို့တွင်း၌ခိုအောင်းနေသော ရန်သူများကို လိုက်လံချေမှုန်းနေပါသည်။ **ယခု လားရှိုးမြို့လုံးဝလွတ်မြောက်ပြီဖြစ်ကြောင်း၊ လားရှိုးမြို့၏ အုပ်ချုပ်ရေးယန္တရားကို ပြည်ထောင်စုမြန်မာနိုင်ငံအထူးဒေသ (၁) အုပ်ချုပ်ရေးကော်မတီမှ လည်းကောင်း၊ မြို့နယ်လုံခြုံရေးကို အထူးဒေသ (၁) ရဲတပ်ဖွဲ့မှ လည်းကောင်း၊ မြို့နယ်ကာကွယ်ရေးကို MNDAA မှ လည်းကောင်း ဆက်ခံလိုက်ကြောင်းကြေညာအပ်ပါသည်။**

လားရှိုးမြို့၏တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးနှင့်ကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ဒေသခံအရပ်သားပြည်သူလူထုများအား ဝန်ထုပ်ဝန်ပိုး နှင့် နေထိုင်ရေးအနှောက်အယှက်များမဖြစ်စေရန်အထူးအလေးထားဆောင်ရွက်ရပါမည်။ ထို့အတူ ဒေသခံအရပ်သားများအနေဖြင့် ဝါဒမှိုင်းတိုက်ခြင်းများနှင့် သတင်းအချက်အလက်အတုများကြောင့် စိုးရိမ်ထိတ်လန့်မှုများမဖြစ်စေရန်အတွက် အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

၁။ **"လားရှိုးဧရိယာစစ်ရေးအုပ်ချုပ်မှုကော်မတီ"**ကိုတည်ထောင်လိုက်ပြီး တိုက်ပွဲအပြီး မြို့နယ်အုပ်ချုပ်ရေး နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို တာဝန်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ မူလက လားရှိုးမြို့ရှိ အစိုးရဝန်ထမ်းများ၊ ကျောင်းဆရာ/ဆရာမများ၊ ဆရာဝန်များ နှင့် သူနာပြုများအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ပြန်လည်လာရောက်ထမ်းဆောင်ကြပါရန်၊ တရုတ်အမျိုးသားလူမှုရေးအဖွဲ့အစည်းများအနေဖြင့် လားရှိုးဧရိယာစစ်ရေးအုပ်ချုပ်မှုကော်မတီ၏ လုပ်ငန်းများကို ကူညီပံ့ပိုးကြပါရန်

တိုက်တွန်းအပ်ပါ သည်။

၂။ **MNDAAတပ်ဖွဲ့ဝင်များ၏ လားရှိုးမြို့စစ်ဆင်ရေးအမိန့်** ကိုတင်းကြပ်စွာလိုက်နာရပါမည်။ မိမိ၏ ရာထူးကိုအလွဲသုံးစားလုပ်ပြီး အရပ်သားများ၏အကျိုးအမြတ်ကိုလုယူခြင်း၊ အရပ်သားများ၏ စည်းစိမ်ဥစ္စာများကို သိမ်းယူခြင်းများကျူးလွန်ပါက ပြင်းထန်စွာအရေးယူပါမည်။

၃။ အရပ်သားများအနေဖြင့် MNDAA တပ်ဖွဲ့ဝင်များဝင်ရောက်နေရာချခြင်းကို စိုးရိမ်ထိတ်လန့် စရာမလိုကြောင်း၊ ဆိုင်ခန်းများအနေဖြင့် ဆက်လက်ဖွင့်လှစ်နိုင်ကြောင်း၊ ကုန်ဈေးနှုန်းမြင့်တင်ခြင်းကို ကန့်ကွက်ကြောင်း နှင့် မူလနေထိုင်ရေးစနစ်ကို အမြန်ဆုံးပြန်လည်တည်ဆောက်ကြပါကြောင်း အထူး တိုက်တွန်းအပ်ပါသည်။

၄။ မိမိတို့တပ်ဖွဲ့ဝင်များမှ စည်းမျဉ်းစည်းကမ်းများချိုးဖောက်ပါက အချိန်မရွေးလာရောက် တိုင်ကြား နိုင်ပါသည်။ ပြည်သူ့ရေးရာစည်းမျဉ်းစည်းကမ်းသည် မိမိတို့MNDAA ၏ အဓိကစည်းကမ်းရပ်ကြီးတစ်ရပ် ဖြစ်ပါသည်။ ပြည်သူလူထုအားဖိနှိပ်ခြင်းကိုလုံးဝကန့်ကွက်ပြီး စည်းကမ်းချိုးဖောက်သူများကို ပြင်းထန် စွာအရေးယူပါမည်။

၅။ အထူးဒေသ (၁) ရဲတပ်ဖွဲ့မှ လာရှိုးမြို့အတွင်းရှိ အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်း များကို ပြင်းပြင်းထန်ထန်တိုက်ဖျက်နှိမ်နင်းသွားပါမည်။

၆။ ဝါဒမှိုင်းတိုက်ခြင်း၊ သတင်းအတုထုတ်လွှင့်ခြင်းတို့ကြောင့် ပြည်သူလူထုများအား စိုးရိမ်ထိတ်လန့်မှု များဖြစ်ပေါ်စေပါက အခြေအနေအပေါ်မူတည်ပြီး အရေးယူပါမည်။

၇။ တိုက်ပွဲကြောင့် ပျက်စီးသွားတဲ့အရပ်သားနေအိမ်များ၏ပြုပြင်ရေး နှင့် ပြန်လည်ဆောက်လုပ် ရေးလုပ်ငန်းကို အထူးဒေသ (၁) အုပ်ချုပ်ရေးကော်မတီမှ အခြေအနေအပေါ်မူတည်ပြီး ကူညီပံ့ပိုးပေး ပါမည်။

၈။ ဒေသခံအရပ်သားများအနေဖြင့် မိမိ၏သဘောဆန္ဒဖြင့် လူစုစည်းပြီး အထူးဒေသ (၁) အုပ်ချုပ်ရေး ကော်မတီ၏ လားရှိုးမြို့အုပ်ချုပ်ရေးယန္တရားဆက်ခံခြင်းကို လာရောက်ကြိုဆိုနိုင်ပါသည်။

၉။ အခက်အခဲများနှင့်ရင်ဆိုင်နေရပြီး မိမိတို့ထံအကြောင်းကြားရန် သို့မဟုတ် အကူအညီတောင်းရန်

လိုအပ်ပါက မိမိတို့၏ဒေသအလိုက်ဖွဲ့စည်းထားသောအုပ်ချုပ်ရေးယူနစ်ထံသို့လာရောက်စုံစမ်းနိုင်ပါသည်။

ရဲစခန်းသို့ တိုင်ကြားရန် နှင့် အကူအညီတောင်းရန်ဖုန်းနံပါတ်-

၁။ အကူအညီတောင်းရန်ဖုန်း - ၀၉၈၈၂၉၅၄၅၆၅ ( အဖွဲ့ဝင် ဟော် )

၀၉၄၀၆၆၉၈၉၇၉ ( ချီကွမ်းရှင် ဒု-ညွှန်ကြားရေးမှူး)

၂။ ရဲစခန်းသို့တိုင်ကြားရန်ဖုန်း - ၀၉၄၄၁၈၄၆၃၂၇ ၊ ၀၉၆၈၀၃၉၇၁၂၉ (ရဲဘော် ဆန်း)

၀၉၆၉၅၁၁၀၁၁၀ (ရဲဘော် ရန်)

Wechat - jinjin666888999 (ရဲဘော် ရန်)

လေးစားစွာဖြင့်

မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော်

စစ်ရေးကော်မတီ